ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနကူသိုလ်ရှင်များ

၁။ မစိုးသန္တာအောင်
၂။ ဒေါက်တာမြင့်ဦး
၃။ ဒေါ်လှလှဝင်း
၄။ ဒေါ်ရီရီစိန်
၅။ ဒေါက်တာကြည်ကြည်မွန်
၆။ မယုယုခိုင်
၇။ ဦးဖြူ
၈။ ဒေါက်တာခင်မိုးမိုး
၉။ နန်းတင်တင်ဦး
၁၀။ မသဲနုအေး

## လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း

**ရုံး** - အမှတ်(၂၂၈)၊ ၃၂လမ်း၊ ၈၃-၈၄လမ်းကြား၊ မန္တလေးမြို့၊
**သင်တန်းနေရာ**- (၁) မဟာသန္တိသုခဓမ္မာရုံ၊ (၆၉)လမ်း၊ မဟာဗောဓိဘုရားဝင်းအတွင်း၊မဟာအောင်မြေမြို့နယ်။

(၂) ဒေါ်အေးစိန်ဓမ္မာရုံ၊ ၇၂ × ၂၇လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊
ဖုန်း-၀၉-၂၅၀၀၉၄၃၉၄၊ ၀၉-၉၁၀၀၄၁၃၈

# ဗုဒ္ဓစာပေပို့ချခြင်း(၈)နှစ်မြောက် အထိမ်းအမှတ်

နှင့်

# ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းဖွင့်လှစ်ထူထောင်ခြင်း

# (၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ်

ထုတ်ဝေပါသည်

# ကျေးဇူးတင်ရှိခြင်း

ဤစာစောင်အတွက် ဓမ္မဒါန အလှူငွေများထည့်ဝင်ကြသော ကုသိုလ်ရှင်များအားလုံးအား အထူးကျေးဇူး တင်ရှိပါသည်။

**လူ့ပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဓမ္မသင်ရာ - မင်းလာပါ<br>ဦးခင်ဇော် (ဓမ္မဒီပသင်တန်းသား) | ၁ |
| ၂။ | မျက်ရည်သက်သေ ပီတိဝေ<br>မခင်ဆန်းဆန်းအေး (ဓမ္မဒီပသင်တန်းသူ) | ၂ |
| ၃။ | သဘာဝစာ - အက္ခရာ<br>ဖတ်ပါ ခန္ဓာမှာ<br>ဖိုးသာထူး (ဓမ္မလုပ်သား) | ၁၁ |
| ၄။ | နေရုဇာတ်တော်<br>ဂုဏ်ကျေးဇူးတော်ကို မသိရာအရပ်၌မနေအပ်ကြောင်း<br>ဒေါက်တာဒေါ်ချိုချိုမာ (ဓမ္မဒီပ) | ၂၂ |

ခြင်းသည် ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးတို့အား ကျေးဇူးဆပ်ခြင်း တစ်မျိုးပင် ဖြစ်ပေလိမ့်မည်။ အတ္တကိုမငဲ့ဘဲ ပရကို ရှေ့တန်းတင်ဆောင်ရွက်ကြပါသော ဝေယျာဝစ္စ ကုသိုလ်ရှင်များနှင့် ယခုအစီအစဉ်ကြီး ဖြစ်မြောက်အောင်မြင်အောင် ဆရာကြီး၊ ဆရာမကြီးနှင့်တကွ ဘေးမှ နောက်မှနေ၍ အမြဲတူယှဉ် ပံ့ပိုးကူညီဆောင်ရွက် စီစဉ် ပေးပါသော စီစဉ်သူ ဓမ္မမိတ်ဆွေများအပါအဝင် နောင်ချိုမြို့မှ သက်ဆိုင်ရာ ဆရာတော်များ နယ်ခံရပ်သူရွာသားများပါ မကျန် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

"စည်းလုံးခြင်းသည် အင်အား"၊ "စည်လုံးညီညာအောင်ကြောင်းဖြာ"၊ "ရွှင်ပျော်ကြည်နူးကုသိုလ်ထူး"ဟူသည့် အတိုင်း အဖွဲ့သားတို့၏ စည်းလုံးခြင်းကြောင့် ကုသိုလ်အင်အားသည် ကြီးမားခဲ့ရပါသည်။ စခန်းဝင်ယောဂီများနှင့် ရပ်သူရွာသားတို့၏ စည်းလုံးညီညွတ်စွာပါဝင် ဆောင်ရွက်မှုများကြောင့်ပင် ယခုခရီးစဉ်"ပရိယတ် ပဋိပတ် ပူးတွဲလေ့ကျင့်ခြင်း" သင်္ကြန်အထူးတရားစခန်း အစီအစဉ်သည် (၂၀-၄-၂၀၁၄) နံနက်ပိုင်းတွင် အောင်မြင်စွာ ပြီးဆုံးခဲ့ရပါသည်။ "သံသရာအေးစေတီတော် ဇမ္ဗူသီရိ ကျောင်းတွင် လိုအပ်နေသော ကုဋီအတွက် လှူဒါန်းချင်သည်ဟု အဖွဲ့ဝင်ကြီးကြပ်သူ စီစဉ်သူများက ဆန္ဒရှိသည်နှင့်တပြိုင်နက် နောက်လိုက်ငယ်သား အကြီးများပါ မကျန် ရအောင် အဖွဲ့သားတို့၏ သွေးစည်းချစ်ကြည် ကုသိုလ်လက်ယှက် ပူးပေါင်းပါဝင်လှူဒါန်း ခြင်းကြောင့် အချိန်အနည်းငယ်အတွင်း၌ ကုဋီ(၂)လုံးဆောက်လုပ်နိုင်ရန် ငွေကျပ် (၁၀)သိန်းတိတိကို နိဗ္ဗာန်ရည်မှန်း သဒ္ဓါလွှမ်း၍ လှူဒါန်းနိုင်ခဲ့ပါသည်။ အကြောင်းကြောင်းကြောင့် မလိုက်ပါနိုင်ခဲ့ကြသော ဓမ္မမိတ်ဆွေအားလုံးတို့အား စခန်းဝင်ဓမ္မဒီပ ယောဂီအဖွဲ့သား တို့၏ ပြုခဲ့သမျှသော ကောင်းမှုကုသိုလ်အပေါင်းတို့ကို ဝမ်းမြောက်ဝမ်းသာ သာဓု အနုမောဒနာပြုနိုင်ရန် ကုသိုလ်မျှဝေ သိစေအပ်ပါသည်။



# "ဓမ္မသင်ရာ – မင်းလာပါ"

သူငယ်ချင်း မင်းနှင့်ငါ

ဘာသာလည်းအတူ　အယူမခြား
ဘုရားတစ်ဆူ　အတူကိုးကွယ်
ဗုဒ္ဓနွယ်ဟု　အလွယ်ပြောကြား
မင့်စကား။
မိဘကိုးကွယ်　ကိုယ်ကိုးကွယ်လည်း
တကယ်ဉာဏ်ထိ　ဓမ္မသိရန်
အရှိတရား　မသင်ကြားဘဲ
ဘိုးဘွားစဉ်လာ　မျှောစီးပါက
ရေသာခိုလိုက်　လူပျင်းကြိုက်ဖြစ်
နောက်လိုက်ကပ်ပါး　လူမိုက်မှား။
စစ်မှန်တရား　မသင်ကြားဘဲ
ဟောကြားဓမ္မ　မသိရဘဲ
မိဘရိုးရာ　မင်းလိုက်ပါလျှင်
ဘာသာဝင်စစ်　မင်း-မဖြစ်။

လာသူငယ်ချင်း

အမှောင်ခွင်း၍　အလင်းကိုပြ
မြတ်ဗုဒ္ဓ၏　ဟောပြဓမ္မ
ဝစနကို　ဂယနဏ
သင်ပြနေရာ　မင်းလာပါ။

အရွယ်သုံးပါး ညီတစ်သားတည်း
မခြားယုတ်မြတ် မခွဲဇာတ်မြင့်
တတ်အပ်သိရာ သာသနာနှင့်
ဘာသာဆိုရာ ဉာဏ်ပညာကို
ချိန်ခါမလစ် ကိုယ်ကျိုးပစ်၍
စစ်မှန်ဓမ္မ မြတ်ဆန္ဒဖြင့်
သင်ပြသိစေ သင်တန်းမြေမှာ
မိတ်ဆွေအရင်း သူငယ်ချင်း
မင်းကိုစောင့်နေ ငါမျှော်နေသည်
ဝေဆာဓမ္မ ကျွန်းဒီပဆီက။

**ဦးခင်ဇော်**
**ဓမ္မဒီပသင်တန်းသား**

⌘ ⌘ ⌘ ⌘ ⌘

## "မျက်ရည်သက်သေ ပီတိဝေ"

နောင်ချို သင်္ကြန်တရားစခန်း အတွေ့အကြုံကို မနှစ်ထဲကရေးချင်တာပါ။ 'ပီတိမျက်ရည်လျှမ်းလို့နေ'တဲ့ (ပထမအကြိမ်) မနှစ်တုန်းက ပေးထားတဲ့နာမည်လေးပါ။ ယခုနှစ် ဒုတိယအကြိမ်သင်္ကြန်အထူး တရားစခန်းမှာ ပိုပြီး အဓိပ္ပာယ်ပြည့်ပြည့်ဝဝ ဖြစ်သွားတဲ့အတွက် "မျက်ရည်သက်သေ ပီတိဝေ"ဆိုတဲ့ နာမည်လေးပေး၍ ထပ်မံရေးလိုက်ရပါတယ်။ ကြည်နူးမှုပီတိ မျက်ရည်တွေ လျှမ်းမိုးနေပါသော မျက်ရည်သက်သေ



ပီတိဖြာဝေ ခဲ့ရတဲ့အကြောင်းတွေကိုဘဲ ပြောပြပေးမှာမို့လို့လေ။

"ပရိယတ် ပဋိပတ် ပူးတွဲလေ့ကျင့်ခြင်းတဲ့" တော်တော်စိတ်ဝင်စားဖို့ကောင်းတဲ့ အစီအစဉ်ပါပဲ ဒီလိုအစီအစဉ်မျိုးကို လူပုဂ္ဂိုလ်များဆိုင်ရာ ဗုဒ္ဓစာပေသင်ကြားမှုတွေထဲမှာ ဓမ္မဒီပသင်တန်းတက်မှ ကြားဖူးကြုံဖူး တာပါ။ တခြားသူတွေလုပ်၊ မလုပ်သေချာ မသိပေမယ့် သေချာတာတစ်ခုကတော့ "ရှာမှရှား"ဆိုသလို ရှာရင်တောင် အလွန် ရှားပါးတဲ့ ထူးခြားသည့် အစီအစဉ်ဖြစ်လို့ပါပဲ။

ကျွန်ုပ်သည် ထိုအစီအစဉ်ကို စိတ်ဝင်စားနှစ်သက်သလို နေက္ခမပါရမီကိုလည်း တတ်နိုင်သလောက်ဖြည့်စွမ်း ချင်နေမိပါသည်။ ဒီလိုနဲ့များစွာသောကိစ္စ၊ ဆောင်ရွက်ဖွယ် တာဝန်များကြားမှ ကိလေသာ "စွဲအား"များဖြင့် အနိုင်ယူကာ နေက္ခမပါရမီဖြည့်ရန် ဒုတိယအကြိမ်မြောက် နောင်ချိုမြို့သို့ လိုက်ပါလာခဲ့ရပါသည်။ (များစွာသော "စွဲအား" တွေကို အနည်းငယ်သော "စွဲအား"နဲ့ ပြိုင်ကြည်မလားလို့လေ။)

စခန်းချမည့်နေရာ နောင်ချိုမြို့နယ်၊ သပြေတောင်၊ သံသရာအေးစေတီသို့ ရောက်တော့လည်း အစစအရာရာ အစဉ်ပြေစွာဖြင့် အသင့်ပြင်ဆင်၍ ကြိုဆိုနေကြ သည်မှာ ကြည်နူးဖွယ် နွေးထွေးစွာပင် ဖြစ်ပါသည်။ တစ်နေ့တာ အစီအစဉ်များကို သင်တန်းမှူးဆရာကြီး၏ စီစဉ်ညွှန်ကြားချက် ကုသိုလ်အချိန်ဇယားအတိုင်း တသွေမသိမ်း၊ ဆရာမကြီးနှင့်တကွ အဖွဲ့ဝင်အားလုံး ဒုလ္လဘရဟန်းများပါ မကျန်ရအောင် လိုက်နာ ဆောင်ရွက်ခဲ့ကြသည်မှာလည်း ဝမ်းမြောက် ကျေနပ်ဖွယ်ကောင်းလှပါသည်။ ဝေယျာဝစ္စအတွက် သီးသန့်လုပ်အားဒါန ကုသိုလ်ရှင်များလည်း လိုက်ပါလာကြ သောကြောင့် အစစအဆင်ပြေသည်မှာ အတိုင်းထက်အလွန်ပင်ဖြစ်ရပါသည်။ ထိုကုသိုလ်ရှင်များ၏ သင်တန်းအပေါ်ထားရှိသော သဒ္ဓါအခြေခံသည့် မေတ္တာစေတနာ များမှာလည်း လေးစားအားကျအတုယူဖွယ်ကောင်းလှပါသည်။ ဤသို့ ဆောင်ရွက်

ဒုလ္လဘရဟန်း(၄)ပါး မှစတင်၍ စခန်းဝင်ယောဂီအားလုံးတို့မှ တစ်ဦးချင်းစီ ရင်ဖွင့်ခံစား ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ဤနေရာ၌ပင် ကျွန်ုပ်ခေါင်းစဉ်ပေးထားသည့်အတိုင်း မျက်ရည် သက်သေ ပီတိတွေဖြာဝေခဲ့ရတဲ့ ဇာတ်လမ်းကိစ္စ စတင်ခဲ့ပါသည်။ ဦးပဥ္ဇင်းတစ်ပါးမှ ဆွေးနွေးချက်တင်ပြချက်မှာ ဆရာကြီး၊ ဆရာမကြီးတို့၏ ရှေ့လျှောက်ဆောင်ရွက်မည့် သာသနာပြုလုပ်ငန်းတွေသည် အလွန်များပြားလှပါသည်။ တနလ်ာ၊ သောကြာ နယ်ဝေးသင်တန်းများလိုက်ပြ၊ စနေ၊ တနင်္ဂနွေ ပုံမှန်သင်တန်းတွေဝင် အားချိန်နားချိန် မရှိလေတော့ မလုပ်စေချင်တာ မဟုတ်ပေမယ့် မိမိတို့၏ ကျန်းမာရေးကိုလည်း တစေ့တစောင်းငဲ့ကွက်စေလိုကြောင်းကို အသိပေး၊ သတိပေး စကားပြောကြားခဲ့ပါသည်။ ယခုလိုပြောမိတော့လည်း (ဖအေထက် သားတစ်လကြီး ဆိုသလို) ဖြစ်မှာစိုးရိမ် မိပါသေးသည်။ မည်သို့ပင်ဖြစ်စေ ကျန်းမာရေးအတွက် ငဲ့ကွက် သတိထားစေချင် သည်မှာ ဦးပဥ္ဇင်းတင်မကပါပဲ ဓမ္မမိတ်ဆွေတို့အားလုံးရဲ့ ဆန္ဒဖြစ်မည်မှာ အမှန် ဧကန်ပါပေ။

ဒီလိုပြောတော့ ဆရာကြီးက ရဲရဲတောက်စကား ပြန်ပြောခဲ့ပါသေးသည်။ နောက်ဆုံးအချိန်အထိ ပြောနိုင်သေးရင် သင်နိုင်သေးရင် သင်နေပြောနေဦးမှာ ပဲတဲ့လေ။ ဒါဟာ သူတို့ရဲ့ သာသနာအတွက် အသက်ပေးထားပြီး ဆုံးဖြတ်ချက်ပဲတဲ့ အင်မတန်မှလေးစားကြည်ညိုထိုက်သူတွေဖြစ်ပါတယ်။ ဒီလိုနဲ့ဆွေးနွေးရင်း သင်တန်းသား တစ်ယောက်အလှည့်အရောက်မှာ သူဒီအချိန်ရောက်မှ သာသနာတော်နဲ့ တွေ့ရတာ ဓမ္မတွေနဲ့တွေ့ရတာ နောက်များကျနေပြီးလားရယ်လို့ အချိန်မှ မှီပါဦးမလား ရယ်လို့ စသဖြင့် ပြောပြရင်းနဲ့ ဝမ်းနည်းဝမ်းသာ မျက်ရည်တွေဖြာလာလိုက်တာ ကျန်ဓမ္မမိတ်ဆွေများအားလုံး ခါတ်ခိုက်မိပြီး ပီတိမျက်ရည်ဝေလို့နေကြပါတော့တယ်။ ဒီနောက်မှာ သင်တန်းသူတွေ တစ်ယောက်ချင်းစီပြောလိုက်ကြတာ ရင်နှင့်အမျှ ခံစားရသမျှ ဘဝနှင့်ပတ်သက်၍ ဓမ္မနှင့်ပတ်သက်၍ ရင်ဖွင့်လိုက်ကြတာဖြင့် အမြင့်ပေ



ယခုကျွန်ုပ်သည် ‘သံသရာ အေးစေတီသို့ ဒုတိယအကြိမ်ရောက်ရှိခဲ့ခြင်း ဖြစ်သည့်အတွက် ပထမအကြိမ်နှင့် ဘာများကွာခြားမှု၊ ထူးခြားမှု၊ တိုးတက်မှုရှိပါသနည်း’ မိမိကိုယ်ကို သုံးသပ်ဆန်းစစ်ကြည့်မိ၍ ထူးခြားတိုးတက်မှုများရှိသည်ကို တွေ့ရသောအခါ အလွန်ပင်အံ့သြဝမ်းသာခဲ့ရပါသည်။ ကျွန်ုပ်သည် ယခင်နှစ်ဤနေရာသို့ ရောက်ရှိစဉ် ပရိယတ်၊ ပဋိပတ်တို့ကို လေ့ကျင့်ရာတွင် ပရိယတ်၊ ပဋိပတ်ဖြစ်သည့် ကျင့်စဉ်ကို ပိုပြီးအားထုတ်လေ့ကျင့်ချင်သည့်ဆန္ဒများ လွန်စွာတိုးပွားပေါ်ပေါက်လာခဲ့ပါသည်။

စာပေလေ့လာကျက်မှတ်ရမည့် အချိန်ကိုပင် နှမြောကာ တရားရှုမှတ်မှုများသာ လုပ်ချင်နေသည့် ဆန္ဒများဖြစ်နေသည်ကို ဓမ္မ၏ ဆွဲဆောင်မှုအဖြစ် ကျွန်ုပ်အံ့သြစွာ မြင်တွေ့ခဲ့ရပါသည်။ ကျွန်ုပ်သည် တရားထိုင်ချိန်တွင် ပထမ (၁)ရက်၊ (၂)ရက်၌ အနည်းငယ် အခက်အခဲရှိသော်လည်း နောက်ပိုင်းရက်များတွင် အလွန်အဆင်ပြေစွာဖြင့် ရှုမှတ်နေနိုင်ခဲ့ပါသည်။ တရားထိုင်ချိန် (သတ်မှတ်ချိန်) ပြည့်သွားသည့်တိုင် ကျွန်ုပ်သည် မထချင်ပါဘဲ ကုသိုလ်ဇောအရှိန် မပြေသေးပဲ ဆက်လက်ရှုမှတ်နေချင်စိတ်ကို သေချာသတိပြုကြည့်မိတော့မှ ‘သြော် ဖြစ်မှဖြစ်ရလေခြင်း ကိုယ်ကိုယ်တိုင်ပင် မိမိဝါသနာပါ၊ အားသန်ရာကို သေချာမသိခဲ့လေတကား’ ဟူ၍ ဖြစ်မိပါသည်။ မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ အားထုတ်ဖြစ်အောင် စီစဉ်ဆောင်ရွက်ပေးခြင်းအတွက် ဓမ္မဒီပ မိနှင့်ဖကို ကျေးဇူးတင်လျက်မေတ္တာကို သိလျက်ပါ။ စကြံလျှောက်ရင်း တရား ရှုမှတ်ရသည်မှာလည်း စင်္ကြန်ရှုမှတ်နည်း တရားခွေဖွင့်ပေးထား၍ အလွန်အဆင် ပြေလှပါသည်။

ထိုအခါမှ သင်တန်း၌ ဆရာကြီးပြောနေကျ“စာသင်ရင်း အားထုတ်၊ အားထုတ်ရင်း စာသင်” ဆိုသည်ကို သေချာကျနစွာ သဘောပေါက်နားလည်ပြီး လိုက်နာချင်ခဲ့ရပါသည်။ အရင့်အရင်ငယ်စဉ်က တရားစခန်းများဝင်ခဲ့ဖူးသော်လည်း ယခုကဲ့သို့ ဓမ္မအသိများ မိမိသန္တာန်၌ မကိန်းသေးသောကြောင့် အေးငြိမ်းသည်ဟုသာ

သိ၍ သိပ်မွေ့နက်နဲသော ငြိမ်းအေးမှု တရားအရသာကို မသိခဲ့သည်မှာတော့ အမှန်ပင်။ ထို့ကြောင့် ကျွန်ုပ်ဖြတ်သန်းခဲ့ရသော ယနေ့ချိန်ထိ နေ့ရက်များ၌ တန်ဖိုးအရှိဆုံး အဓိပ္ပါယ်အရှိဆုံး အချိန်ကို ပြပါဆိုလျှင် (၁၃. ၄. ၂၀၁၄)မှ(၂၀. ၄. ၂၀၁၄)ရက်နေ့တို့ကိုသာပြရပေလိမ့်မည်။ နိဗ္ဗာန်ရောက်ကြောင်းတရားကောင်းများစွာနှင့် ရှုမှတ်နည်းများစွာတို့ကိုလည်း နာယူမှတ်သားခဲ့ရပါသည်။ ထိုရတနာများကို မျှဝေပေးပါသော၊ ဓမ္မရတနာကို ပန်ဆင်ပေးပါသောမေတ္တာ ကရုဏာရှင်ဆရာကြီး၊ ဆရာမကြီးတို့၏ ဂုဏ်ကျေးဇူးတို့ကို အောက်မေ့ရင်းအကြိမ်ကြိမ်ရှိခိုးကန်တော့မိပါသည်။

ယခုကဲ့သို့ ဖြစ်နေသောစိတ်(နေက္ခမချမ်းသာကို ခံစားတတ်သည့် စိတ်ကလေး) သည် ကာမတောသို့ပြန်ရောက်၍ ခွေးမြီးကောက်ကျဉ်တောက်စွပ်ကာ ဒုံရင်းဒုံရင်းပြန်ဖြစ်သွားမည်ကို စိုးရိမ်နေမိပါသေးသည်။ ဒီလိုစိုးရိမ်မိတော့ မစိုးရိမ်ပါနှင့် ပျက်မှာကျတော့ အမှန်ပင် သင်္ခါရာအနိစ္စာ တဲ့စိတ်ဟူသည် ဥပါဒ်၊ ဌီ၊ ဘင် ဟူ၍ ဖြစ်တည်ပျက်သဘောသာရှိသောကြောင့် ယခုစိတ်သည်လည်း ဥပါဒ်၊ ဌီ၊ ဘင် ဆိုပြီး အနိစ္စသဘောနှင့် ကိစ္စလျှောသွားမည်မှာ သေချာနေသည်။ အဓိကကတော့ ထိုပျက်သွားသည့် စိတ်ကို ထိုသို့တူသော စိတ်မျိုး မိတ္တူအနေဖြင့် "ကုသိုလ်ကို ကုသိုလ်နှင့်ဆက်၍" အစားထိုးပေးနိုင်အောင်သာ အမြဲသတိကပ်ထားရမည် မဟုတ်ပါလား။ ထိုစိတ်ကလေးကို ပရမတ်ဆိုက်အောင်ဆင်ခြင်ကြည့်မိတော့မှပဲ ပူပန်မှုများလျော့ကျခဲ့ရပါသည်။

ယခုတစ်ပတ်အတွင်းရရှိခဲ့သော အကျိုးကျေးဇူးများကို ပြောရလျှင် တစ်ထောင့်တစ်ညပုံပြင်ဖြစ်တော့မည်စိုး၍ (စာရှည်မည်စိုး၍) အနည်းငယ်မျှသာ ဖော်ပြလိုက်ရပါသည်။ ကလျာဏမိတ္တတစ်ယောက်အနေဖြင့် ပြောပြတိုက်တွန်းချင်သည်မှာ ယခုကဲ့သို့ 'ပရိယတ် ပဋိပတ်ပူးတွဲလေ့ကျင့်ခြင်း' ဟူသော အစာကိုစားမိရသော



ကျွန်ုပ်တို့သည် ထိုအစာ၏ ကောင်းမွန်သော အရသာအမျိုးမျိုးကို ခံစားရပါသောကြောင့် ကျန်ရှိသော ဓမ္မမိတ်ဆွေတို့အားလည်းမြည်းစမ်းကြည့်စေချင်ပါသည်။ အကြောင်းညီညွတ်စွာဖြင့် လိုက်ပါမြည်းစမ်း ခံစားကြည့်နိုင်ပါစေလို့လဲ ဆန္ဒပြုလျက်ပါ။ နေ့တိုင်းအချိန်တိုင်းမှာ ဆောင်ရွက်နေသည့် ကိစ္စများသာကွဲပြားပြီး တူညီတာက ကုသိုလ်ရခြင်းပင်ဖြစ်ပါသည်။ ခေါင်းစဉ်အမျိုးမျိုးတို့ဖြင့် ကုသိုလ်တရားများစွာကို ကိုယ်စီရရှိခဲ့ကြပါသည်။ ကာမတောမှာနေရင်(အိမ်မှာ၊ အဆောင်မှာ) ဥပုသ်တစ်ရက်လေးစောင့်ဖို့ပင် အလွန်ခဲယဉ်းလှပါသည်။ အခုတရားစခန်းတွင် နေက္ခမတောမှာနေတော့ ရှစ်ပါးသီလခံယူ ဥပုသ်သီလဆောက်တည်ခြင်း၌ သီလ လုံအောင် တကူးတကကြိုးစားစရာမလိုခဲ့ပါ။ ကာယဝိဝေက၊ စိတ္တဝိဝေက ရှိခြင်း၏ အကျိုးတရားဖြစ်ပါသည်။ မိမိသီလကို ဆင်ခြင်ရင်း ကျေနပ်မိပါတော့သည်။

ထို့ကြောင့်လဲ ယခုကဲ့သို့ ဝိဝေကတွေကို မကြာခဏရရှိနိုင်ပါစေလို့ ဆန္ဒဖြစ်မိပြီး ရဲရဲရင့်ရင့်ဆုတောင်းမိပါသေးသည်။ ကုသိုလ်ရေစက် ခန္ဓာနှင့်မကွာပြုဆောင်ရွက်နိုင်ပါရစေရယ်လို့. . .။

ဒီလိုကုသိုလ်တရားမျိုးစုံနှင့် (၇)ရက်တာကိုကျော်ဖြတ်ပြီး ရှစ်ရက်မြောက်ညမှာတော့ လိုက်ပါလာကြသူတွေအားလုံး စုဝေးပြီး ဆွေးနွေးပွဲလုပ်ကြပါသည်။ ဆရာကြီးက သင်တန်းနှင့်ပတ်သက်ပြီး အကြောင်းညီညွတ်လျှင် ရှေ့တိုးခဲ့ ဆောင်ရွက်မည့် ဓမ္မဒီပသင်တန်းကျောင်း ဓမ္မကောလိပ်စသည်ဖြင့် တိုးတက်ပြုလုပ်မည့်၊ ဆောင်ရွက်မည့် သာသနာပြုလုပ်ငန်းအကြောင်းများကို စတင်ဆွေးနွေး တင်ပြအပြီးတွင် ဆရာမကြီးမှ တပည့်များအား ဆုံးမဩဝါဒပေးခဲ့ရာ လိုက်နာမှတ်သား ခံယူခဲ့ရပါသည်။ သံသရာမှာ မျောရာကနေ မြုပ်မသွားအောင် ဆရာတွေဆွဲတင်နေတာကို နောက်ကထပ်ကြပ်မကွာ လိုက်ဖြစ်အောင်လိုက်ခဲ့ကြ ဆိုပြီး ဆရာမကြီးက ဆုံးမခဲ့တာပါ။ ပြီးနောက်

ဘုရားရှင် လေးဆယ့်ငါးဝါလုံး ဟောကြားတော်မူခဲ့သည့် အကြောင်းအရာများသည် "သဘာဝတရား"များပင် ဖြစ်ပါသည်။ သဘာဝကို ဟောကြားသော ဓမ္မဖြစ်၍ "သဘာဝဓမ္မ"ဟု ဆိုပါသည်။ ထိုသဘာဝတရား၏ အကြောင်းအရာမှာ များစွာ ကျယ်ဝန်းလှပါသည်။ ကျယ်ဝန်းသော သဘာဝတရားများမှ မိမိဘဝအတွက် အကျိုးရှိ နိုင်မည့် သဘာဝကို လေ့လာ၍ ရှာဖွေကြရမှာပါ။ ဒါမှလဲ မိမိနေ့စဉ် လူနေမှုဘဝတွင် လက်တွေ့ကျကျ အသုံးချနိုင်မှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင်ဟောကြား ရှင်းပြထားခဲ့တာရှိပါတယ်။ မိမိဟုဆိုသော သဘာမှာ ရူပကာယခေါ် ရုပ်ကိုယ်ခန္ဓာရှိပါတယ်။ စိတ်ခေါ် နာမ်ခန္ဓာလည်း ရှိနေပါတယ်တဲ့။ ထိုရုပ်ခန္ဓာ၏ အကြောင်း နာမ်ခန္ဓာ၏ အကြောင်းတို့ကို သေချာ နားလည်ရန် ကြိုးစားရပါမည်။ ရုပ်ခန္ဓာ၏ အကြောင်းနှင့်ပတ်သက်၍ ဘုရားရှင်က ခန္ဓာကိုယ်တွင် အပြင်မှ ဖုံးလွှမ်းထားသော အရေပြားရှိ၏။ သာမန်မျက်စိဖြင့် ကြည့်၍ မြင်ရသော အရေပြားပေါ်မှ "အဆင်းရူပါရုံ"မျှကို သိရုံဖြင့် ရူပက္ခန္ဓာအကြောင်းကို ပြည့်စုံစွာမသိနိုင်သေးပါ။ ရုပ်ခန္ဓာနှင့် ပတ်သက်၍ နက်နက်ရှိုင်းရှိုင်း ထဲထဲဝင်ဝင် သိရှိနားလည်အောင် ကြိုးစားကြည့်ဖို့လိုပါတယ်။ သဘာဝတရား၏ ပကတိအမှန်ကို သိရန် ပထမအဆင့် အပေါ်ယံမှ အရေပြားကို ဖယ်ခွာ၍ ကြည့်ပါ။ ထိုအခါ အသားတွေကို တွေ့ရှိပါမယ်။ ထိုအသားများ၏ အရောင်အဆင်း၊ တည်နေပုံကို မြင်ကြရမှာပါ။ အသားစိုင်၊ အသားခဲ ကြွက်သားများဖြင့် ခန္ဓာကိုယ်တစ်ခုလုံးဖွဲ့စည်း တည်ဆောက်ထားခြင်းဖြစ်ပါတယ်။ တဖန်အသားများကို ခွာကြည့်ပြန်လျှင် အသား၏အောက်မှ "အရိုး"များကို တွေ့ပါမယ်။ အရိုးများ၏အနေအထား တည်ဆောက်ထားပုံ စသော သဘောသဘာဝများကို သိလာရမှာဖြစ်ပါတယ်။ အရိုးကို ဆက်၍ ထွင်းဖောက်ကြည့်ပါက အရိုးထဲ၌ "ခြင်ဆီ"ရှိနေခြင်းကို ဆက်၍ တွေ့ရှိပါမယ်။ ဤသို့ "အမှန်တည်ရှိနေသော ရုပ်ကိုယ်၏ သဘာဝတရားများကို



သုံးရာကျော်ရှိသော သံသရာအေးစေတီတော် ကြည်နူးပီတိမျက်ရည်တို့ဖြင့် လွှမ်းမိုး နစ်မြုပ်သွားလေမလားရယ်လို့ (အတိသယဝုတ္တိအလင်္ကာဖြင့်) အောက်မေ့မိပါတယ်။ ဒါကြောင့် ဦးဇင်းဦးမြင့်ထူးက ရွာထဲက လှေသွားငှားလိုက်ဦးမယ်လို့ ပြောတာနေမှာပါ။ ထိုအချိန်တွင် ကျွန်ုပ်သတိပြုမိတာက ဩော် ဓမ္မမိတ်ဆွေတို့၏ သန္တာန်(စိတ်တွင်) သောဘဏသာဓရဏစေတသိက် (၁၉)ပါးမှ စုံတွဲစေတသိက် (ကာယလဟုတာစသော စေတသိက်) များခြယ်လှယ်လွှမ်းမိုးနေ၍ ကာယမုဒုတာစိတ္တမုဒုတာ စိတ်သဘောထားများ နူးညံ့ခြင်းကြောင့် အဓိပ္ပါယ်ရှိစွာ ဝေကျလာသော ကြည်နူးပီတိမျက်ရည်များသာ ဖြစ်ချေလိမ့်မည်ဟူ၍ စေတသိက်များ၏ လက္ခဏာလေးတွေကိုပင် လိုက်ကြည့်နေမိ ပါသေးသည်။ ကျန်ရှိနေသေးသည့် ဘဝအတွက် ရဲရင့်ပြတ်သား ဆက်လက် လျှောက်လှမ်းတော့မဲ့ သာသနာရေး ခရီးအတွက် သက်သေပြုတဲ့ ဓမ္မပီတိ မျက်ရည်များသာ ဖြစ်ပါတယ်ရယ်လို့. . .။

ဓမ္မမိတ်ဆွေတို့နှင့် ဆရာကြီး အပြန်အလှန်ဆွေးနွေးတင်ပြချက်အပြီးမှာ ကျွန်ုပ်သည် ဤကဲ့သို့ ကောက်နုတ်ချက်ချမိပါသည်။ ဓမ္မမိတ်ဆွေတို့၏ ဆရာကြီး၊ ဆရာမကြီးတို့ အမှူးပြုသော ဓမ္မဒီပသင်တန်းကြီးကို အကြောင်းပြု၍ တိုးတက် ပြောင်းလဲလာသော စိတ်အခြေအနေများနှင့်တကွ သင်တန်းကြီးအပေါ်ထားရှိသော ပြန်လည်ကျေးဇူးတုံ့ပြန်မည့် စိတ်၊ စေတနာ အခြေအနေစတာတွေကို သိရှိရတော့ တကယ်ပင် ဓမ္မဒီပသင်တန်းကြီးအစား အားအင်တွေရရှိခဲ့ပါသည်။ သင်တန်းကြီး ဆက်လက်ကြာရှည်စွာရပ်တည်နိုင်အောင် ထောက်ကန်ပေးမည့် ထောက်ကျားတိုင် များစွာ ပေါ်ပေါက်လာမည်ဟုလည်း ယုံကြည်မိပါသည်။ ထို့ကြောင့် ဆရာကြီး၊ ဆရာမကြီးတို့ သင်တန်းအပေါ် သာသနာအပေါ်ထားရှိသော သဒ္ဓါအခြေခံသော မေတ္တာ၊ စေတနာများသည် များစွာအကျိုးသက်ရောက်မှုရှိပါသည်ဟုလည်း ထင်မြင်မိပါသည်။

အရင်ကတော့ ကိုယ့်အပေါ်အလွန်ကျေးဇူးများတဲ့ ဆရာကြီး၊ ဆရာမကြီးတို့ကို

အလွန်ကြည်ညိုလေးစားလွန်းလို့ ကိုယ့်ဘာသာ (နှိုင်းကောင်းမနှိုင်းကောင်း မသိပေမယ့်) ဧတဒဂ်ပေးမိပါတယ်။ အခု စခန်းဝင် ဓမ္မမိတ်ဆွေတို့ရဲ့ ဟိရိဩတ္တပ္ပတရား အပြည့်နဲ့မရှက်မကြောက် ရဲရင့်ပြတ်သားဝန်ခံဖွင့်ဟချက်လေးတွေကို ကြားလိုက်မိတော့ (ဓမ္မမိတ်ဆွေတို့ရဲ့ဆရာကြီး၊ ဆရာမကြီးတို့အပေါ် ထားရှိတဲ့ ယုံကြည်လေးစားကြည်ညို မှုတွေကို ကြားလိုက်မိတော့) ကိုယ့်ကိုယ်ကိုတောင် မှေးမှိန်သွားသလိုထင်မိရပါတယ်။ နောက်ဆုံးဆရာကြီးရဲ့ ဩဝါဒလေးကတော့ အခုလို ဆရာကြီး၊ ဆရာမကြီးတို့အပေါ် ကြည်ညိုလေးစားတာတွေကတော့ ကောင်းပါတယ်၊ ဝမ်းမြောက်ပါတယ်။ ဒါပေမယ့် ပုဂ္ဂိုလ်ခင်၍ တရားမင်ဆိုသလို ဥပါဒါန်ဆင့်အထိ မရောက်စေဖို့တော့ သတိပြုကြပါလို့ ဆုံးမပါတယ်။ ဘာပဲပြောပြော အားလုံးအားလုံးရဲ့ရင်ထဲမှာတော့ ကျေးဇူးရှင် ဓမ္မဒီပမိန့်ဖကတော့ နေရာယူနေကြတာကို သံသယမရှိ ပြတ်သားစွာယုံကြည် နေမိပါတယ်။

နောက်ဆုံးအနေဖြင့် ‘သာသနာ့အရေး အားပေးနိုင်ပါစေ

သာသနာ့အလုပ် အားထုတ်နိုင်ပါစေ

သာသနာ့ကိစ္စ ရှေ့ကဆောင်ရွက်နိုင်ပါစေ’ ဆိုတဲ့

ဆရာမကြီးရဲ့ ဆုပေးဆုံးမဩဝါဒလေးအတိုင်း အများအကျိုး၊ သာသနာ့အကျိုးကိုလည်း စွမ်းနိုင်သမျှအားထုတ်ရင်း ‘သံသရာကို ချဲ့တတ်သော(တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော) ပပဉ္စတရားများကို ဖယ်ရှားနိုင်ပြီး သံသရာကိုမချဲ့တတ်သော နိပ္ပပဉ္စတရားများကို လက်ဝယ်ပိုင်ပိုင်ရရှိနိုင်ပါစေ’ ဆိုတဲ့ ဆရာကြီးရဲ့ဆုပေးဆုံးမဩဝါဒလေးအတိုင်း မိမိအကျိုး၊ မိမိတာဝန်ကိစ္စများကိုလည်း ဆောင်ရွက်သွားပါမည်ဟု ဆန္ဒ ပြုလျှက်. . . . . .

**ဓမ္မဒီပသင်တန်းသူ**

**မခင်ဆန်းဆန်းအေး**



# သဘာဝစာ – အက္ခရာ
# ဖတ်ပါ ခန္ဓာမှာ

စာတတ်သူတိုင်း စာဖတ်ကြပါသည်။ “အလိမ္မာစာမှာရှိ” “စာအုပ်စာပေ လူ့မိတ်ဆွေ” “ပညာရွှေအိုး လူမခိုး” “စာပေဟူသည် လူ့တန်ဖိုး” ပါတဲ့။ တန်ဖိုးရှိသော စာပေမျိုးကို ရွေးချယ်ဖတ်ကြမှ ကိုယ့်အတွက် အကျိုးများမှာပါ။ မိမိ၏ဘဝအတွက် “အကျိုးရှိဆုံးစာ”(စာပေ)ကိုတော့ ကိုယ်တိုင်ရွေးဖတ်ကြရမှာဖြစ်ပါတယ်။ သူငယ်ချင်း ကိုဘုန်း (ဦးဘုန်း–ဓါတု)ရဲ့ အတွေးအမြင်ဆိုရိုးလေးတစ်ခု ဖတ်ခဲ့ဘူးပါတယ်။ “အစာငတ်ရင်တစ်ခဏ၊ စာမတတ်ရင် တစ်ဘဝ ဆုံးပြီသာမှတ်”တဲ့။ သဘာဝ တရားကြီးက ရွေးချယ်ပေးလိုက်တဲ့ ကျွန်တော်တို့ ခန္ဓာကြီးရဲ့ သဘာဝစာပေကို မဖတ်တတ်ကြရင်တော့ တစ်ဘဝသာမက တစ်သံသရာလုံး ဆုံးရှုံးရမှာ ဖြစ်ပါတယ်။

နိုင်ငံနှင့် လူမျိုးအလိုက် စာပေ၊ အက္ခရာ စကားလုံးပုံသဏ္ဍာန်တွေ ကွဲပြား ကြပါတယ်။ သို့သော် ကမ္ဘာပေါ်ရှိ လူသားတိုင်းမှာ တူညီသော သဘာဝ အက္ခရာစာလုံးတွေ လူ့ခန္ဓာ အသီးသီးမှာရှိနေပါတယ်။ သဘာဝ စာပေကို ဉာဏ်ဖြင့် သတိထင်ထင်ဖတ်တတ်ပါမှ ခန္ဓာ၏ အဓိပ္ပါယ်ကို နားလည်သိရှိနိုင်မှာဖြစ်ပါတယ်။ ဒီသဘာဝစာပေမျိုးကို ဖတ်နိုင်သော ပညာဟာ ကျွန်တော်တို့ “ဗုဒ္ဓစာပေ” မှာသာ ရှိနေတာပါ။ ဒါတွေကို သင်ပေးခဲ့တာ သင်ပေးနိုင်တာလည်း “သမ္မာသမ္ဗုဒ္ဓ”ဟု အမည်ရှိသော ကိုယ်တော်တိုင်မသိတာမရှိ အလုံးစုံ သိပြီးသော အတုမရှိ၊ အတူမရှိတဲ့ ကျွန်တော်တို့ ကျေးဇူးတော်ရှင်မြတ်ဗုဒ္ဓဘုရားရှင်သာ ဖြစ်ပါတယ်။

ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မခန္ဓာပေါင်းရှစ်သောင်းလေးထောင် ဆိုသော တရားတော်များ ဒေသနာများကို “ဓမ္မ”ဟုခေါ်ဆိုပါသည်။ ထိုဒေသနာများကို

လက်ခံနေခြင်းအကြောင်းကို ဉာဏ်ဖြင့်စဉ်းစားဆင်ခြင် ကြည့်ကြရမှာဖြစ်ပါတယ်။ ယုံကြည်မှု၊ စွဲမက်မှု သဘောသည်"နာမ်ခါတ်"ခေါ် စိတ်၏ သဘာဝပင်ဖြစ်ပါသည်။ စိတ်ဆိုသော စိတ်သည် မိမိလေ့လာသင်ကြားထားသည့် အတိုင်း မှတ်ထားတာပါ၊မှတ်နေတာပါ။ မိမိတို့သိတတ်နားလည်သော အရွယ်မှစ၍ "အာရုံငါးပါးနှင့် တွေ့၊ ထိ၊ သိ၊ မြင်၊ သမျှကို အခြေခံ၍" ယနေ့အချိန်ထိ ကြိမ်ဖန်များစွာ မှတ်လာခဲ့ကြတာပါ။ ထပ်ခါ ထပ်ခါ မှတ်လာကြ၍ စွဲမြဲ၍လာတာပါ။ ထိုအစွဲများ အချိန်ကြာလာတော့ ခိုင်ခိုင်မာမာ ဖြစ်လာရပါတယ်။ ထိုသို့စွဲနေသော အစွဲကို"ဥပါဒါန်" လို့ခေါ်ပါတယ်။ ဥပါဒါန် အစွဲများနှင့် စွဲလမ်းမိသော် "ဥပါဒါနက္ခန္ဓာ"ဆိုပြီး ဖြစ်လာတော့တာပါဘဲ။ ထိုဥပါဒါနက္ခန္ဓာကြီး ဖြစ်တိုင်းဖြစ်တိုင်း နာမ်ခါတ်၏ သဘာဝဖြစ်သည့် သိထားတာတွေ၊ မှတ်ထားတာတွေ၊ခံစားရတာတွေ၊ ပြီးတော့ တိုက်တွန်းအားထုတ်ရတာတွေကို ဥပါဒါနက္ခန္ဓာကြီးမှာ ပါဝင်၍ သိမ်းဆည်းထားခြင်း သဘောသဘာဝပင်ဖြစ်ပါတယ်။ စိတ်ခေါ် နာမ်ခန္ဓာနှင့် ပတ်သက်၍လည်း ဘုရားရှင်ဟောကြားထားတာ ရှိပါတယ်။ လူတိုင်း မွေးဖွားလာကတည်းက ဤခန္ဓာနှင့်တွဲ၍ (နာမ်ခန္ဓာနှင့်တွဲ၍) လိုက်ပါလာသော မွေးရာပါ သဘာဝတရားများ ရှိနေပါတယ်တဲ့။ ဒါဟာ ဘဝအဆက်ဆက် ကိန်းဝပ်၍ ကပ်ပါလာသော အကိန်းဓာတ်ခံ တွေပဲဖြစ်ပါတယ်။ ထိုမွေးရာပါ ဓာတ်ခံများကို အနုသယဓာတ်လို့ခေါ်ပါတယ်၊ အနုသယကိလေသာ(၇)မျိုးရှိရာ ယင်းတို့ကိုလည်း ပကတိမျက်စိဖြင့်ကြည့်၍ မမြင်ရသော၊မမြင်နိုင်သော နာမ်ခန္ဓာ၏ သဘာဝအက္ခရာ စာလုံး(၇)လုံးပါလို့ဆိုခြင်ပါတယ်။

အနုသယ ကိလေသာ(၇)ပါးတို့ကတော့ –

၁။ တွယ်တာ၊ တပ်မက်၊ကြိုက်တတ်တဲ့သဘောကို လောဘအနုသယ

၂။ မကြိုက်ခြင်း၊မနှစ်သက်ခြင်း၊မကျေနပ်ခြင်းသဘောသည် ဒေါသအနုသယ



မြင်အောင်ကြည့်ကြပါ။ ထိုးထွင်း၍ နက်ရှိုင်းစွာမြင်နိုင်ရန် ရှုဆင်ခြင်ကြပါဟု ဘုရားရှင်မှ "မဟာသတိပဋ္ဌာန်"သုတ်မှာ ဟောကြားရှင်းပြခဲ့တာပါ။ ဗုဒ္ဓ၏ဒေသနာပါ "ကာယာနုပဿနာ ကမ္မဋ္ဌာန်း"ဖြင့် ရူပက္ခန္ဓာကို ရှုဆင်ခြင်ခြင်းဘဲ ဖြစ်ပါတယ်။

ကာယာနုပဿနာကမ္မဋ္ဌာန်း လေ့လာခြင်းသည် အပြင်မှ ဖုံးထားသော ရုပ်ကိုယ်၏ အရေပြား အရေပြားအောက်မှ အသားများကို မြင်ကြဖို့၊ အသားများ အောက်မှ အရိုးစု တည်နေပုံကို သဘာဝအမှန်မြင်သိကြဖို့ ဖြစ်ပါတယ်။ ထိုမှဆက်၍ ရင်ခေါင်းထဲရှိ အဆုတ်၊ နှလုံး၊ ဝမ်းဗိုက်တွင်းရှိ အစာအိမ်၊ အူသိမ်၊ အူမ၊ သရက်ရွက်၊ အသည်း၊ ကျောက်ကပ် စသော "ကောဋ္ဌာသ"အသီးသီးအား မြင်နိုင်ရန် ရှုမှတ်ဆင်ခြင်သည့် ပညာပင်ဖြစ်ပါသည်။ ယခုခေတ်တွင် ဆေးသိပ္ပံပညာ Anatomical Science (ခန္ဓာဗေဒ–သိပ္ပံ)သည် ကာယနုပဿနာ ကမ္မဋ္ဌာန်းအတွက် များစွာ အထောက်အပံ့ဖြစ်နိုင်သော ပညာပင်ဖြစ်ပါသည်။

ရုပ်ခန္ဓာကို ကောဋ္ဌာသပေါင်း(၃၂)မျိုးဖြင့် ဖွဲ့စည်းတည်ဆောက်ထားပါတယ်။ ယင်းတို့ကို အောက်တွင် ဖော်ပြပါမည်–

| | | | | | | |
|---|---|---|---|---|---|---|
| တစပဉ္စက | ကေသာ(ဆံပင်) | လောမာ(အမွေး) | နခါ(ခြေသည်း လက်သည်း) | ဒန္တာ(သွား) | တစော(အရေ) | |
| ဝက္ကပဉ္စက | မံသံ (အသား) | နှာရု(အကြော) | အဋ္ဌိ(အရိုး) | အဋ္ဌိမိဉ္ဇံ (ရိုးတွင်းခြင်ဆီ) | ဝက္ကံ (အညို့) | |
| ပပ္ဖါသပဉ္စက | ဟဒယံ(နှလုံး) | ယကနံ(အသည်း) | ကိလောမကံ (အမြှေး) | ပိဟကံ (အဖျဉ်း) | ပပ္ဖါသံ (အဆုတ်) | |
| မတ္ထလုင်္ဂပဉ္စက | အန္တံ(အူမ) | အန္တဂုဏံ(အူသိမ်) | ဥဒရိယံ (အစာသစ်) | ကရီသံ (အစာဟောင်း) | မတ္ထလုင်္ဂ (ဦးနှောက်) | |
| မေဒဆက္က | ပိတ္တံ (သည်းခြေ) | သေမှံ (သလိပ်) | ပုဗ္ဗော (ပြည်) | လောဟိတံ (သွေး) | သေဒေါ(ချွေး) | မေဒေါ (အဆီခဲ) |
| မုတ္တဆက္က | အဿု (မျက်ရည်) | ဝသာ (ဆီကြည်) | ခေဠော (တံတွေး) | သိင်္ဃာဏိကာ (နှပ်) | သလိကာ (အစေး) | မုတ္တံ (ကျင်ငယ်) |

မြန်မာအက္ခရာတွင် ဗျည်း(၃၃)လုံး အင်္ဂလိပ်အက္ခရာတွင် ဗျည်း(၂၆)လုံး ရှိကြပါတယ်။ ကျွန်တော်တို့ရုပ်ခန္ဓာမှာတော့ အက္ခရာ(၃၂)လုံးတို့ အမှန်ရှိနေတာပါ။ အထက်ဖော်ပြထားသော ကောဋ္ဌာသတစ်ခုသည် အက္ခရာတစ်လုံး စာတစ်ပိုဒ်ပါလို့ ပြောချင်တာပါ။ ဒီခန္ဓာအက္ခရာ(၃၂)လုံးကို အရကျက်ထားသင့်ပါတယ်။ ထိုစာလုံးတစ်လုံးစီကို အဓိပ္ပာယ်ပေါက်အောင် ပီပီပြင်ပြင် ဖတ်တတ်မှသာ သဘာဝစာပေဖြစ်သော ခန္ဓာ၏ အက္ခရာများအား ထိုးထွင်းရှုမြင် အဓိပ္ပာယ် ဖော်နိုင်ကြမှာဖြစ်ပါတယ်။ ရူပက္ခန္ဓာ၏ သဘောအမှန်သိရန် ပညာအားကောင်းအောင် လေ့ကျင့်ခြင်းဖြင့် ဘာဝနာ ကမ္မဋ္ဌာန်းပွားများနေခြင်း သဘောပင်ဖြစ်ပါသည်။

ဗုဒ္ဓဒေသနာတွင် ခန္ဓာကိုယ်ကြီးအား အစိပ်စိပ်ပိုင်း၍ ရှုဆင်ခြင်သော ဘာဝနာပညာကို ရူပက္ခန္ဓာ ပရိစ္ဆေဒပညာဟု ခေါ်ပါသည်။ ထို(၃၂)ကောဋ္ဌာသ တို့သည် သူ့အရောင်အဆင်း၊ သူ့တည်ရာဋ္ဌာနအတိုင်း တည်ရှိရုံတည်ရှိနေခြင်းမျိုးမဟုတ် ဆိုင်ရာကိစ္စ အသီးသီးကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ "နှလုံး"သည် သူ၏ အလုပ်ဖြစ်သော ခန္ဓာကိုယ်၏ ကလာပခေါ် ကလပ်စည်းတိုင်း၏လိုအပ်သော သွေးကို ပံ့မှန်ညှစ်ထုတ်ပေးသည့်အလုပ်ကို လုပ်ပါတယ်။ "အဆုတ်"ကလည်း ဝင်လေထွက်လေဖြစ်အောင် တစ်နည်း ဝင်သက်ထွက်သက်ဖြစ်အောင် အဓိက ဆောင်ရွက်ပေးခြင်းကို အစဉ်အမြဲ လုပ်နေရခြင်းဖြစ်ပါတယ်။ ဤသို့ (၃၂)ကောဋ္ဌာသတို့ ကိုယ့်လုပ်ငန်းကို အသီးသီးလုပ်ဆောင်နေကြရုံမျှ မကသေးပါ ကောဋ္ဌာသတစ်ခုက ကောဋ္ဌာသတစ်ခုကို အထောက်အကူပြု၍ အချင်းချင်း ဆက်သွယ်အကျိုးပြု၍ နေကြပါတယ်။ ဤသို့ ရူပက္ခန္ဓာ၏ အကြောင်းတရားကို သိမ်းဆည်း ဆင်ခြင်သည့် နည်းပညာသည် ရူပက္ခန္ဓ ပစ္စယ ပရိဂ္ဂဟ ပညာဖြစ်သည်။

ခန္ဓာကိုယ် အသက်ရှင်ရေးအတွက် ခန္ဓာရှိ ကောဋ္ဌာသတို့ အမြဲတစ်စေ ပြုစီရင်ဆောင်ရွက်နေရသော သင်္ခါရသဘော သဘာဝပင်ဖြစ်ပါသည်။ ကောဋ္ဌာသ



အသီးသီးတို့ အသက်ရှင်ရေးအတွက် မနားမနေ တာဝန်ယူပြုစီရင်နေရသော အဖြစ်သည် ဆင်းရဲပါသည်။ ပင်ပန်းလှပါသည်။ မိမိတို့ကိုယ်တိုင်ကသာ "အသိနှင့်သတိ"ဉာဏ်မယှဉ်၍သာ အသိကြခြင်းပါ။ သဘာဝပစ္စည်းဖြစ်သော ကောဋ္ဌာသတို့ အလုပ်သည် သိမ်မွေ့ခက်ခဲခြင်း ၊ ပင်ပန်းခြင်းဆိုသော သဘောသည် "သင်္ခါရ–ဒုက္ခ"၏ အမှန်တရားသာဖြစ်ပါသည်။ ထိုအမှန်သဘောကို သိရှိနိုင်ကြရန် သဘာဝအက္ခရာ ခန္ဓာ၏စာကို ပီပီပြင်ပြင် ဖတ်ရှု၍ အဓိပ္ပာယ်ကို ရှာဖွေကြရမှာပင်ဖြစ်ပါသည်။

မိမိ၏ ရူပက္ခန္ဓာအတွင်းမှာ "အဋ္ဌိက"ခေါ် အရိုးစုကြီးရှိနေသကဲ့သို့ လူတိုင်း၏ ခန္ဓာအတွင်းမှာလဲ အရိုးစုကြီးရှိနေပါတယ်။ စေတီယတောင်မှ အနုရာဓ မြို့တွင်းသို့ ဆွမ်းခံကြွသော မဟာတိဿမထေရ်သည် ပြုံးရယ်ပြသည့် မိန်းမ တစ်ယောက်၏ သွားရိုးကိုမြင်ပြီး ထိုမိန်းမတကိုယ်လုံးကို အရိုးစုအဖြစ်ဖြင့်သာ ထင်ခဲ့ဖူးကြောင်း ဝိသုဒ္ဓိမဂ်၊ ပဌမအဆင့် အဋ္ဌိက ကမ္မဋ္ဌာန်းမှာ သင်ခဲ့ရပါတယ်။ မိမိခန္ဓာ၏ အရိုးစုကို ဉာဏ်မျက်စိဖြင့် မြင်အောင်ရှုကြရမှာဖြစ်သလို လူတိုင်း၏ ခန္ဓာအရိုးစုကိုလဲ ဉာဏ်မျက်စိက မြင်အောင်သတိအား၊ ဝီရိယအား၊ ပညာအား တို့ဖြင့် တစ်ဆင့်ပြီးတဆင့် ကြိုးစားပွားများနေရမှာဖြစ်ပါတယ်။ ဤသို့နှလုံးသွင်းဆင်ခြင်သောအခါ ရူပက္ခခန္ဓာကြီးထဲတွင်ရှိနေသော အရိုးစု ထိုအရိုးပေါ်မှ ဖုံးထားသောအသားများ ၊ ကြွက်သားများ။ ထိုအသားပေါ်မှ ဖုံးထားသော အရေပြား ထိုသို့ အဆင့်ဆင့် ဖုံးလွှမ်းထားခြင်းဖြင့် အပြင်မှ မြင်နေရသော "အဆင်းရူပါရုံ"ကို အပေါ်ယံ မြင်နေရတာဖြစ်ပါတယ်။ ထိုအပြင်ပန်း အဆင်းရူပါရုံ အပေါ်၌ အမှီပြု၍ မိမိခန္ဓာကြီးကို လူ၊ ပုဂ္ဂိုလ်၊ ယောကျ်ား၊ မိန်းမရယ်လို့ ယုံကြည်နေကြတာဖြစ်ပါတယ်။ ယုံကြည်ရုံသာမက စွဲစွဲမြဲမြဲ မှတ်ယူလက်ခံ ထားကြတာ အမှန်ပဲဖြစ်ပါတယ်။

ခန္ဓာကြီးကို ပုဂ္ဂိုလ်၊ ယောကျာ်း၊ မိန်းမ၊ သူ၊ ငါဟူ၍ ယုံကြည်စွဲမှတ်

စိတ်ကို ပင့်မြှောက်ခြင်းဖြစ်သောစွမ်းအား = ဝီရိယအား၊ ဝီရိယဗိုလ်
မပျံ့လွင့်ခြင်းဖြစ်သော စိတ်၏စွမ်းအား = သမာဓိအား၊ သမာဓိဗိုလ်
အမှန်ကို သိမြင်ခြင်းဖြစ်သောစိတ်၏စွမ်းအား = ပညာအား၊ ပညာဗိုလ်တို့ ဖြစ်ပါတယ်။

စိတ်၏စွမ်းအား ဗိုလ်ငါးပါးနဲ့ သဘာဝ စာပေကို ဖတ်တတ်အောင် ကြိုးစားကြရမှာပါ၊ စာကိုလည်း ဖတ်တတ် စာထဲက အဓိပ္ပာယ်ကိုလည်း မှန်စွာ သိနားလည်မှသာ သဘာဝစာအက္ခရာများ ရေးချယ်ထားသော ခန္ဓာ၏ အဓိပ္ပာယ်ကို ပေါက်ရောက်နိုင်ကြမှာဖြစ်ပါတယ်။ ရူပက္ခန္ဓာ၏ အပေါ်ယံမှ ဖုံးထားသော အရေပြား၊ အရေပြားအောက်မှ အသားဆိုင်များ၊ ထိုအရာများကို ထိုးဖောက်ပြီးအတွင်းမှ အရိုးစုကြီးရှိနေကြောင်း ကာယာနုပဿနာ၊ ဘဝနာ ပညာက ညွှန်းပြဆိုထားပါတယ်။ စာလုံး(၃၂)လုံးရှိသော ရူပက္ခန္ဓာ၏စာကို မဖတ်တတ်ပါက ခန္ဓာကိုယ်တည်ဆောက်ထားသော အရိုးကို မမြင်ဘဲ ပုဂ္ဂိုလ်ဟု မြင်နေကြမှာပါ။ ပုဂ္ဂိုလ်မြင်ပါက ချစ်ခြင်း၊ မုန်းခြင်း၊ ကြိုက်ခြင်း၊ မကြိုက်ခြင်း သဘောတွေဆက်၍ ဖြစ်လာပါတော့မယ်။ ဒါတွေဟာ အကုသိုလ်တရားတွေပါ။ အကုသိုလ်တရားများ တိုးပွား၍ နေတာကိုလည်းမသိ၊ အကုသိုလ်တရားများ ဖြစ်နေမှန်းလည်း ကိုယ်တိုင်မသိ ဖြစ်နေကြရတာပါ။ ထိုသို့ မသိခြင်းကို "အဝိဇ္ဇာ"လို့ ခေါ်ပါတယ်။ ယနေ့ထိ အဝိဇ္ဇာနှင့်နေ၍ အမြဲ အဝိဇ္ဇာဖုံးနေခြင်းဟာ သဘာဝစာပေ၊ သဘာဝ ပညာ မတတ်ခြင်းကြောင့်ပါ။

နာမ်ခန္ဓာပါ စိတ်၏စွမ်းအား ဗိုလ်ငါးပါးကို အားကောင်းအောင် အရှိန်တက်လာအောင် စိတ်လေ့ကျင့်ခန်းဖြင့် လေ့ကျင့်၍ တိုးတက်အောင် ကြိုးစားနေသင့်ပါတယ်။ စိတ်ကိုလေ့ကျင့်သော အလုပ်သည် မိမိအတွက် အရေးကြီးသော ဘဝအလုပ်ပင်ဖြစ်ပါသည်။ ယခုကျွန်တော်တို့ သင်ယူတတ်မြောက်ထားသော ပညာများ ကျောင်းပညာ တက္ကသိုလ်ပညာများသည် ယခုတစ်ဘဝ တစ်ခန္ဓာအတွက် စားဝတ်နေရေး ပြေလည်ကြဖို့၊ ဘဝခရီးကို သက်တောင့်သက်သာ လျှောက်နိုင်ရန် အတွက် ဒီလောကီပညာကို သင်ယူခဲ့ကြတာဖြစ်ပါတယ်။ လောကီပညာရဲ့



၃။ ယုံကြည်တဲ့သဘော၊ယုံတတ်တဲ့သဘာဝကို ဒိဋ္ဌိအနုသယ
၄။ မယုံတတ်တဲ့သဘော၊ဆန့်ကျင်ဘက်သဘော ဝိစိကိစ္ဆာ အနုသယ
၅။ လောဘဒေါသတို့နှင့်တွဲနေသောမသိခြင်း၊နားမလည်ခြင်း၊သဘော အမှန် မပေါက်ခြင်းသည် အဝိဇ္ဇာ အနုသယ
၆။ အသက်ရှင်လိုခြင်း၊ ဘဝကိုတည်မြဲချင်သောသဘောသည် ဘဝရာဂအနုသယ
၇။ ယှဉ်တတ်တဲ့သဘော၊ပြိုင်တတ်တဲ့သဘောသည် မာနအနုသယဖြစ်ပါသည်။

ဒါတွေဟာ နာမ်ခန္ဓာတွင်ပါဝင်သော နာမ်ဓာတ်၏ သဘာဝအက္ခရာ စာလုံး(၇)လုံး ပါလို့ပြောချင်တာပါ။

ထိုဘဝအဆက်ဆက် လိုက်ပါလာကြသော အနုသယ ဓါတ်ခံတို့ဟာ ပစ္စုပ္ပန်မှာရှိသော အာရုံနှင့် တွေ့လိုက်တိုင်း ၎င်းတို့ ထွက်ပေါ်လာကြတာပါ။ ထွက်ပေါ်လာပြီး သူတို့ကိစ္စ သူတို့အလုပ်ကိုလုပ်ကြပါတယ်။

"ဒေါသ"ကဒေါသအလုပ်ကိုလုပ်ပါတယ်။

"လောဘ"ကလောဘအလုပ်ကိုလုပ်ပါတယ်။

"မာန"က မာနအလုပ်ကိုလုပ်ပါတယ်။

ထိုလောဘ၊ဒေါသ၊မောဟ၊မာန ဓာတ်ခံတွေနဲ့ ကျွန်တော်တို့တစ်တွေ ကံသုံးပါး အလုပ်တွေ လုပ်မိကြရင် မကောင်းတဲ့ကံတွေဘဲ ဖြစ်လာမှာပါ။ မကောင်းကျိုးကို ရ၍ အကုသိုလ် အမှုတွေ ပွားကုန်တော့မှာပါ။ ဥပမာအားဖြင့်ဒေါသဓာတ်ခံသည် အတွင်းသဏ္ဍာန်မှာ ကိန်းဝပ်နေပါတယ်။ ထိုဒေါသဓာတ်ခံ ပုထုဇဉ်တိုင်းမှာ ရှိကြပါတယ်။ အာရုံ၏ လှုံ့ဆော်မှုကြောင့် ထိုဒေါသဓာတ်ခံလေးကလှုပ်ရှား တက်ကြွလာပါတယ်။ ဒီလှုပ်ရှားတက်ကြွလာတဲ့ အဆင့်က မနောဝိညာဏ်ခေါ် အတွင်းစိတ်မှာဖြစ်ပါတယ်။ ထိုမှတဆင့် ဒေါသအရှိန် ပြင်းထန်လာ၍ အဆင့် တက်လာသောအခါ မနောဝိညဉ်မှတဆင့် နှုတ်မှကြမ်းတမ်း ခက်ထန်သော

စကားများ(ဝစီကံများ)ဖြစ်ပေါ်လာရပါတယ်။ ထိုမှဆက်၍ ဒေါသအရှိန်က ရိုက်လိုက်၊ နှက်လိုက်၊ ထိုးကြိတ်လိုက် ဆိုပြီး ရုပ်ကိုယ်ကို ခိုင်းလိုက်တော့ လက်က ကိုယ်ထိလက်ရောက် ကျူးလွန်တဲ့ ကာယကံမြောက် အဆင့်ထိ လွန်ကျူးမိတော့တာပါဘဲ

– ကိန်းဝပ်နေသော ဒေါသကို အနုသယ ဒေါသလို့ခေါ်ပါတယ်

– လှုပ်ရှားတက်ကြွလာတဲ့ ဒေါသကို ပရိယုဋ္ဌာနလို့ခေါ်ပါတယ်

– နှုတ်ကပြောတာ၊ လက်ကကျူးလွန်တဲ့အဆင့်ရောက်ရင် ဝီတိက္ကမ ဒေါသလို့ ခေါ်ပါတယ်။ ဒါဟာ ဒေါသရဲ့ သဘာဝတရားတွေဖြစ်ပြီး အဆင့်ဆင့် အလုပ်လုပ်နေကြပုံ သဘောဖြစ်ပါတယ်။

ကျွန်တော်တို့တစ်တွေ ခန္ဓာတို့၏ သဘာဝစာ အက္ခရာတွေကို စနစ်တကျ သင်ယူတတ်မြောက်ပါမှ ခန္ဓာ၏စာကို ပီပြင်စွာ ဖတ်တတ်မှာပါ။သဘာဝစာပေကို အဓိပ္ပါယ်ပေါက်အောင် ဖတ်တတ်မှသာ အနုသယ ကိလေသာတို့ကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့်အကျိုးဆက်တရားများကို ထိုးထွင်းနားလည်နိုင်မှာ ဖြစ်ပါတယ်။ နာမ်ခန္ဓာ၏ အတွင်းစိတ်မှာ နောက်ထပ် အကျိုးဆက် သဘာဝ အက္ခရာစာလုံးများ ရှိနေပါသေးတယ်။ ဇာတိဖြစ်ခြင်းကြောင့် ရလာမည့် ဆင်းရဲခြင်း ဒုက္ခအကျိုးဆက်တရားများပဲဖြစ်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် တရားမှာ စာအနေနဲ့ အမြဲ ရွတ်ဖူးကြပါတယ်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ တို့ဖြစ်ပါတယ်။ “သောက”ဆိုသော စာလုံးကို ဖတ်တတ်ရုံဖြင့် မပြီးပါ တကယ့် အတွင်းစိတ်မှာ ဖြစ်ပေါ်နေသော စိုးရိမ်မှု၊ ကြောင့်ကြမှု၊ ပူပန်မှု သောကတရား၏ သဘောအမှန်ကို အဟုတ်တကယ် ဖတ်တတ်မှ သောကမှန်းသိရမှာပါ ထိုသောကတို့ ပရိဒေဝတို့ ရွတ်ဆိုနေကြတာ၊ စိုးရိမ်နေတာ၊ ကြောင့်ကြနေတာ၊ ပူပန်နေတာ၊ ဒါတွေဟာ သဘာဝအတိုင်း နာမ်ခန္ဓာခေါ် စိတ်မှာ ထင်ရှား တည်ရှိဖြစ်ပေါ်နေတဲ့ စာလုံးတွေ



ဆိုတာ အမှန်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့မှာ ရုပ်နာမ်ခန္ဓာကြီးရှိတော့ ရုပ်ကိုယ်၏ စွမ်းအား(ကာယဗလအား) ရှိခြင်းကို သိနိုင်ပါတယ်။ ကာယဗလအားကောင်းသလောက် ထမ်းနိုင် ပိုးနိုင်၊ သယ်နိုင်ကြပါတယ်။ ပြေးနိုင်၊ လွှားနိုင်၊ ခုန်နိုင်ကြရန်အတွက် အားကစား သမားများဟာ ကိုယ်ကာယကို လေ့ကျင့်ထားကြတာဖြစ်ပါတယ်။ ကာယဗလ ရှိသကဲ့သို့ စိတ်၏ စွမ်းအား စိတ္တဗလအားလည်း ရှိပါတယ်။ ကာယဗလအားများ ကြီးပွားအောင် လေ့ကျင့်နိုင်ကြသလို စိတ္တဗလအားကိုလည်း ကောင်းအောင်၊ တိုးပွားအောင်၊ လေ့ကျင့်နိုင်ပါတယ်။ ကာယဗလအား တိုးပွားအောင် နည်းပညာ အမျိုးမျိုးနဲ့ လေ့ကျင့်ခန်းများဖြင့် လေ့ကျင့်ရပါတယ်။ ထို့အတူ စိတ္တဗလခေါ် စိတ်၏ စွမ်းအားများ တိုးတက်ရန်အတွက် လေ့ကျင့်ရာမှာလည်း နည်းပညာ လိုအပ်ပါတယ်။ နည်းပညာအမျိုးအမျိုးမှ အထက်မြက်ဆုံးဖြစ်သော နည်းပညာ သည် ဗုဒ္ဓဒေသနာမှာ ရှိနေပါတယ်။ အထက်မြက်ဆုံးဖြစ်သည့် သတိပဋ္ဌာန နည်းပညာကို သမ္မာသမ္ဗုဒ္ဓ ဘုရားရှင်က သင်ကြားပေးခဲ့တာဖြစ်ပါတယ်။ ဘုရားရှင် ပေးသော နည်းနာနိသယကို ခံယူ၍ ကျွန်တော်တို့ တရားဘာဝနာများ ပွားများ အားထုတ်နေကြတာဖြစ်ပါတယ်။ စိတ်ကို လေ့ကျင့်ပွားများကြရာမှာ အဓိက တိုက်တွန်းပေးသည့် စေတနာအားသည် သဒ္ဓါအား သဒ္ဓါဗလ ဖြစ်ပါတယ်။ ထိုသဒ္ဓါဦးစီးသော စိတ်၏ အပေါင်းအဖော်များ စိတ်အားငါးခု ရှိပါတယ်။ စိတ်၏ စွမ်းအား ငါးပါးကို ဗိုလ်ငါးပါးဟု ခေါ်ပါတယ်။ ၎င်းဗိုလ်ငါးပါးဖြစ်သော စကားလုံး(၅)လုံးတို့ဟာလည်း နာမ်ဓာတ်ခေါ် စိတ်မှာ ထင်ရှားရှိနေသော အက္ခရာ စာလုံးများဖြစ်ပါတယ်။

ဗိုလ်ငါးပါးတို့ကတော့ –

သမ္မာဒိဋ္ဌိ–ယုံကြည်ခြင်းဖြစ်သော စိတ်၏စွမ်းအား=သဒ္ဓါအား၊ သဒ္ဓါဗိုလ်

အာရုံ၌ကပ်၍ တည်ခြင်းဖြစ်သော စိတ်၏စွမ်းအား=သတိအား၊သတိဗိုလ်

ပကတိ ကျီးပေါင်းတို့သည်လည်းကောင်း။ ပကတံ၊ ငှက်တို့တွင်။ ဝရာ၊ မြတ်ကုန်သော။ မယဥ္စ၊ ငါတို့သည်လည်းကောင်း။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော ငှက်တို့သည်။ သဒိသာ၊ အဆင်းတူမျှကုန်သည်။ ဟောမ၊ ဖြစ်ကုန်၏။

ဣမ ၊ ဤတောင်၌။ သီဟာ စ၊ ခြင်္သေ့တို့သည် လည်းကောင်း။ ဗျဂ္ဃါစ ၊ ကျားတို့သည်လည်းကောင်း၊ မိဂါဓမာ၊ သားတကာတို့အောက် အယုတ်ဆုံး ဖြစ်ကုန်သော။ သိင်္ဂါလာ စ၊ မြေခွေးတို့သည်လည်းကောင်း။ သဗ္ဗေဝ၊ အလုံးစုံကုန်သော သားတို့ သည်လျှင်။ သဒိသာ၊ အဆင်းတူမျှကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အယံပဗ္ဗတော၊ ဤတောင်သည်။ ကော နာမ၊ အဘယ်မည်ရှိသော တောင်နည်း။

ထိုစကားကိုကြား၍ ဘုရားလောင်းသည် ဤဂါထာကို ဆို၏။

ဣဓ၊ ဤတောင်၌၊ သဗ္ဗပါဏိနော၊ ခပ်သိမ်းသော သတ္တဝါတို့သည်။ ဝဏ္ဏေန၊ ရွှေအဆင်းနှင့်။ သမ္ပန္နာ၊ ပြည့်စုံကုန်သည် ဖြစ်၍ ၊ ဝသန္တိ၊ နေကုန်၏။ ဥတ္တမံ၊ မြတ်သော။ ဣမံ ပဗ္ဗတံ၊ ဤတောင်ကို။ နေရုတိ၊ နေရုတောင်ဟူ၍။ မနုဿာ၊ လူတို့သည်။ ဇာနန္တိ၊ သိကုန်၏။

## မနေအပ်သောနေရာများ

ထိုစကားကိုကြား၍ ညီတော် ဟသ်ာမင်းသည် ကြွင်းသော ဤဂါထာတို့ကို ဆို၏။

ယတ္ထ၊ အကြင်အရပ်၌၊ သန္တာနံ ဝါ၊ သူတော်ကောင်းတို့အားလည်း။ အမာနနာ၊ ရိုသေခြင်း ပူဇော်မြတ်နိုးခြင်း မရှိသည်။ သိယာ၊ ဖြစ်ရာ၏။ ဝိမာနနာ၊ မထီမဲ့မြင် ပြုခြင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဟီနသမ္မာနနာ ဝါပိ၊ ယုတ်မာသောသူတို့အား ရိုသေခြင်း, ပူဇော်မြတ်နိုးခြင်း ရှိသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ တတ္ထ ဝသတိံ-အသို့ နိဝါသော၊ ထိုအရပ်၌၊ န ဝသေ၊ မနေရာ။

ယတ္ထ၊ အကြင်အရပ်၌။ အလသော စ ၊ ပျင်းသော , အတတ်ပညာမရှိသော သူသည် လည်းကောင်း။ ဒက္ခော စ၊ လိမ္မာသော သူသည် လည်းကောင်း။ သူရောစ၊



အကျိုးခံစားမှုကလည်း တစ်ဘဝတာ မသေခင်လေး ကာလအထိပါပဲ သေပြီးနောက် ဆက်ပြီး အကျိုးပေးဖို့ မလွယ်ကူသလို ပါရမီအားလည်း မကောင်းနိုင်ပါ။ သဘာဝပညာဖြစ်သော လောကုတ္တရာ ပညာကတော့ တစ်ဘဝစာအတွက် မဟုတ် ဘဝအဆက်ဆက် သံသရာအတွက် ပညာပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္ဓာ၏ သဘာဝစာကို မတတ်လျှင် သဘာဝပညာကို မဖတ်နိုင်ပါ။ ခန္ဓာ၏ စာမဖတ်နိုင်၍ သဘာဝ ပညာ မတတ်ပါလျှင် တစ်ဘဝမက သံသရာမှာပါ ဆုံးရှုံးကြရတော့မှာဖြစ်ပါတယ်။

သို့ဖြစ်၍ သဘာဝပညာ တတ်မြောက်ကြဖို့ သဘာဝစာ အက္ခရာတို့ကို ကျွန်တော်တို့ ကိုယ်စီခန္ဓာမှာ ဖတ်လိုက်ကြပါစို့ ..........။

မရှိလို့ မလှူ ၊ မလှူလို့ မရှိ

ရှိလို့လှူ ၊ လှူဖို့ရှိ ........ ဆိုသကဲ့သို့

မဖတ်လို့ မတတ် ၊ မတတ်လို့မဖတ်

ဖတ်လို့တတ် ၊ တတ်ဖို့ ဖတ်ကြပါ .......လို့ လေးလေးနက်နက် တိုက်တွန်း လိုက်ပါတယ်။ သို့မှသာ ခန္ဓာ၏ အဓိပ္ပာယ်မှ ဘဝအဓိပ္ပာယ်ကို သိရှိကြ၍ ဘဝသစ္စာကို အမှန် မြင်သိနိုင်ကြမှာ ဖြစ်ပါတယ်။ ဓမ္မမိတ်ဆွေအားလုံး ဘဝသစ္စာ ဆိုက်လျှက် သစ္စာ ဉာဏ်ပညာ အဆင့်ဆင့် တက်လှမ်းနိုင်ရန် ကြိုးစားပွားများ အားထုတ်နိုင်ကြပါစေ။

(သာဓု သာဓု သာဓု)

**ဓမ္မဒီပ – သင်တန်းသား**

**ဓမ္မ – လုပ်သား**

**ဖိုးသာထူး**

❑❑❑❑❑

## နေရုဇာတ်တော်

## ဂုဏ်ကျေးဇူးကို မသိရာအရပ်၌ မနေအပ်ကြောင်း

**ဟောတော်မူရာဌာန။** ။ နတ်နှင့်တကွသော လောကကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် "ကာကောလာ ကာက သံဃာ စ" အစရှိသော ဂါထာပုဒ်ဖြင့် တန်ဆာဆင်အပ်သော ဤနေရုဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် မထင်ရှားသော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

**ပစ္စုပ္ပန်ဝတ္ထု** ။ ။ ထိုရဟန်းသည် သဗ္ဗညုမြတ်စွာဘုရား၏ အထံတော်၌ ကမ္မဋ္ဌာန်းကိုယူ၍ တစ်ခုသော ပစ္စန္တရစ် အရပ်သို့ သွား၏။ လူတို့သည် ထိုရဟန်း၏ ဣရိယာပုထ်၌ ကြည်ညိုကုန်၍ ထိုရဟန်းကို ဆွမ်းလုပ်ကျွေး၍ ဝန်ခံခြင်းကိုယူ၍ တောသွား ကျောင်းဆောက်၍ ထိုကျောင်း၌ နေစေကုန်၏။ ထိုရဟန်းအား ပူဇော်သက္ကာရကို အလွန်လျှင် ပြုကြကုန်၏။ ထိုအခါ သဿတအယူရှိကုန်သော သူတို့သည် လာကုန်၏။ ထိုလူတို့သည် ထိုသဿတအယူရှိကုန်သော သူတို့၏ စကားကိုကြား၍ မထေရ်ကို စွန့်ကုန်၍ သဿတအယူတို့ကို ယူကုန်၍ ထိုသဿတ အယူရှိသော သူတို့အားသာလျှင် ပူဇော်သက္ကာရကို ပြုကုန်၏။ ထိုနောင်မှ ဥစ္ဆေဒအယူရှိကုန်သော သူတို့သည် လာကုန်၏။ ထိုလူတို့သည် သဿတဝါဒကို စွန့်ကုန်၍ ဥစ္ဆေဒ-ဝါဒကိုလျှင် ယူကုန်၏။ ထိုနောင်မှ တစ်ပါးကုန်သော အစေလကတို့သည် လာကုန်၏။ ထိုလူတို့သည် ဥစ္ဆေဒ-ဝါဒကို စွန့်ကုန်၍ စေလကဝါဒကို ယူကုန်၏။

ထိုရဟန်းသည် ကျေးဇူး ရှိ-မရှိကို မသိကုန်သော ထိုလူတို့၏ အထံ၌ ဆင်းရဲသဖြင့်နေ၍ ဝါကျွတ်သည်ရှိသော် ပဝါရဏပြု၍ သဗ္ဗညုမြတ်စွာဘုရား အထံတော်သို့ သွား၍ ပြုအပ်သော ပဋိသန္ထာရရှိသည်ဖြစ်၍ "ရဟန်း အဘယ်အရပ်၌ ဝါဆိုသနည်း"ဟု မေးတော်မူ၍ "အရှင်ဘုရား . . . ပစ္စန္တရစ်ရွာကိုမှီ၍ ဝါဆိုပါ၏" ဟု နားတော်လျှောက်သည်ရှိသော် "ချမ်းသာစွာ နေရ၏လော"ဟု မေးတော်မူအပ်သည် ဖြစ်၍ "အရှင်ဘုရား . . . ကျေးဇူး ရှိ-မရှိ မသိကုန်သော သူတို့၏ အထံ၌



ဆင်းရဲစွာနေရ၏"ဟု လျှောက်၏။ "ရဟန်း . . . ရှေးပညာရှိတို့သည် တိရစ္ဆာန်အမျိုး၌ ဖြစ်ကုန်သော်လည်း ကျေးဇူးရှိ-မရှိ မသိကုန်သော သူတို့နှင့်တကွ တစ်နေ့မျှလည်း မနေကုန်၏။ သင်သည် မိမိ၏ကျေးဇူး ရှိ-မရှိ မသိရာအရပ်၌ အဘယ်ကြောင့် နေသနည်း"ဟု မိန့်တော်မူ၍ ထိုရဟန်းသည် တောင်းပန်အပ်သည်ဖြစ်၍ အတိတ်ကို ဆောင်တော်မူ၏။

**အတိတ်ဝတ္ထု** ။ ။ လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ် မင်းသည် မင်းပြုသည်ရှိသော် ဘုရားလောင်းသည် ရွှေဟင်္သာမျိုး၌ဖြစ်၏။ ဘုရားလောင်းအာ ညီသည်လည်းရှိ၏။ ထိုဟင်္သာ ညီနောင်တို့သည် စိတ္တကုဋ္ဋ တောင်၌ နေကုန်လျက် ဟိမဝန္တာအရပ်၌ အလိုလိုဖြစ်သော သလေးကို စားကုန်၏။ ထိဟင်္သာ ညီနောင်တို့သည် တစ်နေ့သ၌ ထိုအရပ်၌ ကျက်စား၍ စိတ္တကုဋ္ဋတောင်သို့ လာကုန်လတ်သော် လမ်းအကြား၌ တစ်ခုသော နေရုအမည်ရှိသော ရွှေတောင်ကိုမြင်၍ ထိုတောင်ထိပ်၌ နားကုန်၏။

### ရွှေတောင်နား ရွှေကျေး

ထိုတောင်ကိုမှီ၍ နေကုန်သော ငှက်အပေါင်းတို့သည်လည်းကောင်း ၊ အခြေလေးချောင်းရှိသော သားတို့သည်လည်းကောင်း ကျက်စားရာမြေ၌ အထူးထူးသော အဆင်းရှိကုန်၏။ တောင်သို့ဝင်သော ကာလမှစ၍ ခပ်သိမ်းကုန်သော ထိုသတ္တဝါတို့သည် တောင်၏အရောင်ကြောင့် ရွှေအဆင်းရှိကုန်၏။ ထိုအဆင်းကို မြင်၍ ဘုရားလောင်း၏ညီသည် အကြောင်းမသိ၍ "ဤတောင်၌ အကြောင်းအသို့နည်း"ဟု အစ်ကိုနှင့်တကွ ပြောဟောလိုသည်ဖြစ်၍ ဤနှစ်ဂါထာတို့ကို ဆို၏။

ဘာတိက ၊ နောင်တော် ဟင်္သာမင်း၊ ဣမံ ပဗ္ဗတံ၊ ဤတောင်သို့။ အာဂမ္မ၊ ရောက်ကုန်၍။ ကာကောလာ စ၊ တောကျီး တို့သည် လည်းကောင်း၊ ကာကသံဃာ စ၊

ရဲရင့်သောသူသည်လည်းကောင်း။ ဘီရူ စ၊ ကြောက်တတ်သောသူသည် အဝိသေသကရေ၊ အထူးကိုမပြုတတ်ကုန်။ တတ္ထ၊ ထိုအရပ်၌။ သန္တော၊ သူတော်ကောင်းတို့သည်။ န ဝသန္တိ၊ မနေကုန်။

အယံ နေရု၊ ဤနေရုတောင်သည်။ ဟီနဥက္ကဋ္ဌမဇ္ဈိမေ၊ အယုတ်အမြတ် အလတ်ဖြစ်ကုန်သော သူတို့ကို။ န ဝိဘဇတိ၊ အထူးမပြု။ နေရု၊ နေရုအမည်ရှိသော တောင်သည်။ အဝိသေသကရော၊ အထူးပြုခြင်းမှ ကင်း၏။ နေရုံ၊ နေရုတောင်ကို။ ဟန္ဒ၊ လွတ်လွတ်၊ ဇဟာမသေ၊ စွန့်ကြကုန်အံ့။

ဤသို့ဆို၍ ဟင်္သာညီနောင်တို့သည် ပျံ၍ စိတ္တကုဋ်တောင်သို့လျှင် သွားကုန်၏။

**ဇာတ်ပေါင်း ။ ။** သဗ္ဗညုမြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ သစ္စာတို့ကို ပြတော်မူသည်၏ အဆုံး၌ ထိုရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဇာတ်ကို အဘယ်သို့ ပေါင်းတော်မူသနည်းဟူမူကား - ယခုအခါ အာနန္ဒာသည် ထိုအခါ ညီဟင်္သာဖြစ်ဖူးပြီး၊ ယခုအခါ ငါဘုရားသည်သာလျှင် ထိုအခါ အစ်ကိုဟင်္သာဖြစ်ဖူးပြီ၊ ဤသို့ ဇာတ်ကို ပေါင်းတော်မူ၏။

**ဆောင်ပုဒ် ။ ။ ခွဲခြားမမြင် ၊ ထိုရပ်တွင်၊ ခုပင်မနေရာ။**

ဒီဇာတ်တော်ကို ဆရာကြီး ဦးပဥ္ဇင်းဝတ်သောနေ့ကို အမှတ်ရစေ၍ ဖော်ပြခြင်း ဖြစ်ပါသည်။

အသိဉာဏ်တိုးတက်စေဖို့ အဖက်ဖက်မှ ပါရမီဖြည့်ပေးသော ပါရမီဖြည့်ဘက်သို့ အစဉ်ဦးတင်လျှက် ....

ဘဝဇာတ်ဆုံး ခန္ဓာဆုံးသော အငြိမ်းဓာတ်ကိန်းရာ နိဗ္ဗာန်သို့ ရည်သန်၍ ...

**ဒေါက်တာ ဒေါ်ချိုချိုမြာ (ဓမ္မဒီပ)**